# နိုင်ငံသားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေ

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း .... .... .... | ၁၁ |
| ၂ | အခန်း (၁) .... .... ဥပဒေအမည် | ၁၂ |
| ၃ | အခန်း (၂) .... .... နိုင်ငံသားများ၏ အခွင့်အရေးများကို အပြည့်အဝ ရရှိစေခြင်း | ၁၃ |
| ၄ | အခန်း (၃) .... .... တိုင်တန်းခြင်းနှင့် အရေးယူဆောင်ရွက်ပေးခြင်း | ၁၄ |
| ၅ | အခန်း (၄) .... .... နိုင်ငံသားများ၏ အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ပေးခြင်း | ၁၆ |
| ၆ | အခန်း (၅) .... .... အခွင့် အာဏာ အလွဲသုံးစားပြုသဖြင့် နစ်နာ၍ အရေးယူခြင်း | ၁၈ |
| ၇ | အခန်း (၆) .... .... အထွေထွေ | ၁၉ |

# နိုင်ငံသားများ၏ အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ပေးသည့် ဥပဒေ

[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၂]

## နိဒါန်း

အခြေခံဥပဒေနှင့် ရှိရင်းစွဲဥပဒေများပါ အခွင့်အရေးများကို နိုင်ငံသားများ အပြည့်အဝရရှိနိုင်စေရန် လည်းကောင်း၊ ယင်းအခွင့်အရေး တရပ်ရပ် ထိခိုက်ဆုံးရှုံးမှုမရှိစေရေးအတွက် ကာကွယ် စောင့်ရှောက်ပေးရန်လည်းကောင်း ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

# အခန်း (၁)

## ဥပဒေအမည်

၁။ ဤဥပဒေကို နိုင်ငံသားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေဟု ခေါ်တွင်စေရမည်။

## အခန်း (၂)

### နိုင်ငံသားများ၏ အခွင့်အရေးများကို အပြည့်အဝရရှိစေခြင်း

၂။ နိုင်ငံသားတိုင်းသည် အခြေခံဥပဒေပါ အခွင့်အရေးများကိုလည်းကောင်း၊ ရှိရင်းစွဲဥပဒေများပါ အခွင့်အရေးများကို လည်းကောင်း အပြည့်အဝရရှိစေရမည်။

၃။ နိုင်ငံသားတိုင်း၏ တရားဝင်ခံစားခွင့်ရှိသော အခွင့်အရေးများရရှိစေရန် နိုင်ငံတော်က ကာကွယ်စောင့်ရှောက်ပေးရမည်။

## အခန်း (၃)

## တိုင်တန်းခြင်းနှင့် အရေးယူဆောင်ရွက်ပေးခြင်း

၄။ နိုင်ငံသားတိုင်းသည် မိမိ၏တရားဝင်ခံစားခွင့်ရှိသော အခွင့်အရေးနှင့်စပ်လျဉ်းသည့် နစ်နာချက်ကို သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းသို့ဖြစ်စေ၊ ယင်းအဖွဲ့အစည်းထက် အဆင့်မြင့်သော အာဏာပိုင်အဖွဲ့အစည်းသို့ဖြစ်စေ တိုင်တန်းနိုင်သည်။

၅။ တိုင်တန်းလွှာရရှိသော အာဏာပိုင်အဖွဲ့အစည်းသည် တိုင်တန်းလွှာပါ နစ်နာချက်နှင့်စပ်လျဉ်း၍ လိုအပ်သလို အမြန်ဆုံး စုံစမ်းစစ်ဆေးရမည်။အဆင့်နိမ့်သော အာဏာပိုင်အဖွဲ့အစည်းကိုလည်း အမြန်ဆုံး စုံစမ်းစစ်ဆေး၍တင်ပြစေရန် ညွှန်ကြားနိုင်သည်။

၆။ တိုင်တန်းလွှာပါ နစ်နာချက်သည် တရားဝင် ခံစားခွင့်ရှိသော အခွင့်အရေးနှင့်စပ်လျဉ်းသည့် နစ်နာချက်မှန်ကန်ကြောင်း တွေ့ရှိရသည့်အခါ တိုင်တန်းလွှာရရှိသော အာဏာပိုင် အဖွဲ့အစည်းသည် အရေးယူဆောင်ရွက်ပေးပိုင်ခွင့်ရှိလျှင် တိုင်တန်းသူ၏ တရားဝင် ခံစားခွင့်ရှိသော အခွင့်အရေးကို အပြည့်အဝရရှိစေရေးအတွက် အရေးယူ ဆောင်ရွက်ပေးရမည်။

၇။ တိုင်တန်းလွှာပါ နစ်နာချက်သည် တရားဝင် ခံစားခွင့်ရှိသော အခွင့်အရေးနှင့်စပ်လျဉ်းသည့် နစ်နာချက်မှန်ကန်ကြောင်း တွေ့ရှိသော်လည်း တိုင်တန်းလွှာရရှိသော အာဏာပိုင် အဖွဲ့အစည်းက အရေးယူဆောင်ရွက်ပေးပိုင်ခွင့်မရှိလျှင် အရေးယူ ဆောင်ရွက်ပေးပိုင်ခွင့်ရှိသော အာဏာပိုင် အဖွဲ့အစည်းသို့ တိုင်တန်းသူ၏ တရားဝင် ခံစားခွင့်ရှိသော အခွင့်အရေး အပြည့်အဝ ရရှိစေရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်ရန် တွေ့ရှိချက်ကို တိုင်တန်းလွှာနှင့်အတူ ပေးပို့ရမည်။

၈။ တိုင်တန်းလွှာပါ နစ်နာချက်သည် တရားဝင်ခံစားခွင့်ရှိသောအခွင့်အရေးနှင့်စပ်လျဉ်းသည့် နစ်နာချက်မဟုတ်ကြောင်းတွေ့ရှိလျှင် တိုင်တန်းလွှာကို ပယ်နိုင်သည်။

၉။ တိုင်တန်းလွှာရရှိသော အာဏာပိုင်အဖွဲ့အစည်းသည် တိုင်တန်းလွှာနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်ကို တိုင်တန်းသူထံ အကြောင်းကြားရမည်။

## အခန်း (၄)

## နိုင်ငံသားများ၏အခွင့်အရေးများကိုကာကွယ်စောင့်ရှောက်ပေးခြင်း

၁၀။ ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတရပ်ရပ်တွင် ပါဝင်သော အဖွဲ့ဝင်တဦးဦး သို့မဟုတ် ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းတရပ်ရပ်သည် နိုင်ငံသားတိုင်း၏ တရားဝင်ခံစားခွင့်ရှိသော အခွင့်အရေးများ ထိခိုက်ဆုံးရှုံးမှုမရှိစေရန် ကာကွယ်စောင့်ရှောက်ပေးရမည်။

၁၁။ ဝန်ထမ်းတဦးဦး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်း တရပ်ရပ်သည် မိမိ၏ လုပ်ပိုင်ခွင့်ဘောင်အတွင်း နိုင်ငံသားတိုင်း၏ တရားဝင် ခံစားခွင့်ရှိသော အခွင့်အရေးများ ထိခိုက်ဆုံးရှုံးမှုမရှိစေရန် ကာကွယ် စောင့်ရှောက်ပေးရမည်။

၁၂။ နိုင်ငံသားတဦးဦး၏ တရားဝင် ရပိုင်ခွင့်ရှိသော အခွင့်အရေး တရပ်ရပ် ဆုံးရှုံးနစ်နာကြောင်းတွေ့ရှိလျှင် သက်ဆိုင်ရာ ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတရပ်ရပ်တွင် ပါဝင်သောအဖွဲ့ဝင် သို့မဟုတ် သက်ဆိုင်ရာ ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတရပ်ရပ် သို့မဟုတ် သက်ဆိုင်ရာဝန်ထမ်းတဦးဦး သို့မဟုတ် သက်ဆိုင်ရာဝန်ထမ်း အဖွဲ့အစည်းတရပ်ရပ်သည် နစ်နာဆုံးရှုံးသည့်အခွင့်အရေးများ တရားဝင် အပြည့်အဝရရှိစေရေးအတွက် လိုအပ်သလို အရေးယူ ဆောင် ရွက်ပေး ရမည်။

၁၃။ သက်ဆိုင်ရာဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း တရပ်ရပ်တွင် ပါဝင်သော အဖွဲ့ဝင်တဦးဦး သို့မဟုတ် သက်ဆိုင်ရာဗဟို နှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတရပ်ရပ်သည် လုံလောက်သော အကြောင်း တစုံတရာမရှိပဲ နိုင်ငံသားတဦးဦး၏ တရားဝင်ရပိုင်ခွင့်ရှိသော အခွင့်အရေးနှင့်စပ်လျဉ်းသည့် နစ်နာချက်ကို တရားဝင်ရရှိစေရေးအတွက် အရေးယူ ဆောင်ရွက်ပေးရန် ပျက်ကွက်လျှင် နိုင်ငံတော် ကောင်စီက လိုအပ်သလို အရေးယူရမည်။

၁၄။ သက်ဆိုင်ရာဝန်ထမ်းတဦးဦး သို့မဟုတ် သက်ဆိုင်ရာ ဝန်ထမ်း အဖွဲ့အစည်းတရပ်ရပ်သည် လုံလောက်သော အကြောင်း တစုံတရာ မရှိပဲ နိုင်ငံသားတဦးဦး၏ တရားဝင်ရပိုင်ခွင့်ရှိသော အခွင့်အရေးနှင့် စပ်လျဉ်း သည့် နစ်နာချက်ကို တရားဝင်ရရှိစေရေးအတွက် အရေးယူဆောင်ရွက် ပေးရန် ပျက်ကွက်လျှင် သက်ဆိုင်ရာ ဗဟိုအာဏာပိုင် အဖွဲ့အစည်းက လိုအပ်သလို အရေးယူရမည်။

၁၅။ နိုင်ငံသားတဦးဦးက မိမိတရားဝင်ရပိုင်ခွင့်ရှိသော အခွင့်အရေး တရပ်ရပ်နှင့် စပ်လျဉ်း၍ အကြံဉာဏ်တောင်းခံလာလျှင် ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ သို့မဟုတ် အဆင့်ဆင့်သော ဥပဒေ ဝန်ထမ်းများက လိုအပ်သော အကြံဉာဏ်များပေးရမည်။

၁၆။ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့သည် နိုင်ငံသား တဦးဦး၏ တရားဝင်ရပိုင်ခွင့်ရှိသော အခွင့်အရေးတရပ်ရပ် နစ်နာ ဆုံးရှုံးကြောင်း တွေ့ရှိပါက ယင်းအခွင့်အရေးကို တရားဝင်ခံစားပိုင်ခွင့်ရရှိစေရေးအတွက် သက်ဆိုင်ရာတို့နှင့် ညှိနှိုင်း၍ ဆောင်ရွက်ပေးရမည်။ လိုအပ်ပါက နိုင်ငံ တော်ကောင်စီသို့ တင်ပြရမည်။

## အခန်း (၅)

## အခွင့်အာဏာအလွဲသုံးစားပြုသဖြင့်နစ်နာ၍အရေးယူခြင်း

၁၇။ ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတရပ်ရပ်တွင် ပါဝင်သော အဖွဲ့ဝင်တဦးဦး သို့မဟုတ် ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းတရပ်ရပ် သို့မဟုတ် ဝန်ထမ်းတဦးဦး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းတရပ်ရပ်က ပြည်သူတို့အပ်နှင်းထားသောအခွင့်အာဏာကို အလွဲသုံးစားပြုသဖြင့် နိုင်ငံသားတဦးဦး၏ အခွင့်အရေးတရပ်ရပ် သို့မဟုတ် အကျိုးခံစားခွင့်တရပ်ရပ် ထိခိုက်နစ်နာခဲ့လျှင် ယင်းပုဂ္ဂိုလ် သို့မဟုတ် ယင်းအဖွဲ့အစည်းကို ရှိရင်းစွဲဥပဒေများနှင့်အညီ တရားစွဲဆိုပိုင်ခွင့်ရှိသည်။ ထိခိုက်နစ်နာမှုအတွက်ကိုလည်း ရှိရင်းစွဲဥပဒေများနှင့်အညီ လျော်ကြေးတောင်းခံနိုင်ခွင့် ရှိသည်။

## အခန်း (၆)

## အထွေထွေ

၁၈။ တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ ဥပဒေစည်းကမ်းနှင့်အညီ မိမိတာဝန်ကို သဘောရိုးဖြင့် နိုင်ငံတော်စွမ်းသမျှ ထမ်းဆောင်သောအာဏာပိုင်အဖွဲ့အစည်း တရပ်ရပ်တွင်ပါဝင်သော အဖွဲ့ဝင်တဦးဦး သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းတရပ်ရပ် သို့မဟုတ် ဝန်ထမ်းတဦးဦး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်း တရပ်ရပ်၏ လုပ်ဆောင်ချက်သည် ဤဥပဒေအရ ပြစ်မှုသော်လည်းကောင်း၊ တရားမကြောင်း တာဝန်သော်လည်းကောင်း မမြောက်စေရ။